**Special Advisory Council for MYANMAR**

# စစ်အာဏာသိမ်းမှု ဆန့်ကျင်လှုပ်ရှားမှုများအပေါ် တိုင်းရင်းသား အဖွဲ့အစည်းများမှ ပံ့ပိုးမှုများအား ချေမှုန်းရန် ရည်ရွယ်၍ မြန်မာစစ်တပ်သည် တစ်နိုင်ငံလုံးအား ထိုးစစ်ဆင်နွှဲနေသည်။

၂၀၂၁ ခုနှစ် ဧပြီလ ၉ရက်။ ။ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC -M) က မြန်မာစစ်တပ်သည် တိုင်းရင်းသားအဖွဲ့အစည်းများအား အာဏာသိမ်းမှုဆန့်ကျင်ရေးကို ထောက်ခံခြင်းမှတားဆီးရန် တိုင်းရင်းသားပြည်နယ်များရှိ အရပ်သားများအပေါ် ပြင်းထန်သောတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု ကြေငြာသည်။

မြန်မာစစ်တပ် (သို့မဟုတ်) တပ်မတော်သည် ၂၀၂၁ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့ တွင် ကျရောက်သော ၎င်း၏တပ်မတော်နေ့ ကို ကျင်းပသည့်နေ့တွင် ငြိမ်းချမ်းစွာဆန္ဒပြသူ (၁၀၀) ကျော်နှင့် အခြားအရပ်သားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပြီး ၊ ထိုနေ့တွင်ပင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းကရင်ပြည်နယ်ရှိ ကျေးရွာများသို့ လည်း ဗုံးများ စတင်ကြဲခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ တိုက်ရိုက်ခွင့်ပြုခဲ့သော ကြောက်မက်ဖွယ်ရာ လေကြောင်းတိုက်ခိုက်မှုများသည် လေးညဆက်တိုက်ဖြစ်ပွားခဲ့သည်။ တဆက်တည်းမှာပဲ ၎င်း၏မြေပြင်တပ်များသည် ကျေးရွာများသို့စက်သေနတ်များနှင့်လက်နက်ကြီးများဖြင့် တရစပ်ပစ်ခတ်ခဲ့ပြီး ရပ်ရွာတစ်ခုလုံးကို မောင်းထုတ်ခဲ့သည်။ SAC - M ၏ သတင်းရင်းမြစ်များ အရ ကလေးများအပါအဝင်အနည်းဆုံး လူ ၁၈ ဦး သေဆုံးခဲ့သည်။ လူပေါင်း ၂၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

**“ကရင်ပြည်သူများကို နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် လေကြောင်းထိုးစစ်များ အသုံးပြုခြင်းအပါအဝင် ယခုပြုလုပ်နေသော ကြီးမားသော ထိုးစစ်များသည် တိုင်းရင်းသားအဖွဲ့အစည်းများမှ ပြည်သူ့အာဏာဖီဆန်မှုလုပ်ငန်းစဉ် ( CDM ) အတွက် ကူညီပံ့ပိုးပေးခြင်းနှင့် ရွေးကောက်တင်မြှောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) မှ ဦးဆောင် ဆောင်ရွက်နေသည့် အမျိုးသားညီညွတ်ရေးအစိုးရ ပေါ်ထွန်းရေးအတွက် အများသဘောတူညီမှုဖြင့် ရှေ့ဆက်ရန်**

**လုပ်ငန်းစဉ်အား ပံ့ပိုးကူညီသောကြောင့် တိုက်ရိုက်တုန့်ပြန်ခြင်းဖြစ်သည် "** ဟု SAC- M ကို တည်ထောင်သူ Marzuki Darusman က ပြောကြားသည်။

တပ်မတော်မှ အာဏာသိမ်းရန်ကြိုးပမ်းမှုဖြစ်ပြီးနောက် သီတင်းသုံးပတ်မပြည့်မီတွင် ကရင်အမျိုးသားအစည်းအရုံး ( KNU ) ၊ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS ) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) အပါအဝင် တိုင်းရင်းသားအဖွဲ့ (၁၀) ဖွဲ့မှ ပူးတွဲကြေငြာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ယင်း ကြေငြာချက်တွင် စစ်တပ်၏ အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြသူများအား အကြမ်းဖက်နှိမ်နင်းမှုကို ရှုတ်ချကြောင်းနှင့် လူထု အာဏာဖီဆန်ရေး လှုပ်ရှားမှု စီဒီအမ် (CDM) လှုပ်ရှားမှုကို ထောက်ခံကြောင်းဖော်ပြထားသည် ။ ၎င်းတို့သည် (CRPH ) ၏ ၂၀၀၈ ဖွဲ့စည်းပုံဖျက်သိမ်းခြင်းနှင့် ဖက်ဒရယ်ဒီမိုကရက်တစ်ပဋိညာဉ်ကြေညာခြင်းကို ကြိုဆိုကြောင်းလွန်ခဲ့သည့်အပတ်က ကြေငြာခဲ့ကြသည်။

**"မြန်မာနိုင်ငံ၏နှစ်ရှည်လများ ဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်များကို ယခု တိုက်ခိုက်မှုများဖြင့် ပိုမိုပြင်းထန်လာစေခြင်းအားဖြင့် တပ်မတော်သည် အတိုက်အခံများကို သွေးခွဲရန်၊ အာဏာသိမ်းမှုဆန့်ကျင်ရေးနှင့် CRPH အား တိုင်းရင်းသားများမှ ထောက်ခံမှုကို တားဆီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။"** ဟု SAC-M တည်ထောင်သူ Chris Sidoti က ပြောကြားသည် ။ **"SAC-M သည် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် CRPH တို့အကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နေပြီး စစ်တပ်၏ သွေးခွဲမှုအား ဆန့်ကျင်နေသည်ကို တွေ့ရသည့်အတွက် အင်မတန်မှ အားရမိပါသည်။”** ဟု Chris Sidoti က ဆက်ပြောပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်တိုက်ခိုက်မှုများ အား ကြောက်ရွံ့ ထိတ်လန့်မှုများ ဖြစ်နေကြရသည်။ တစ်ချိန်တည်း၌ပင် လွန်ခဲ့သည့် အပတ်တွင် ချင်းပြည်နယ်၌ စစ်တပ်မှ အရပ်သားများအပေါ်တွင် ကြောက်မက်ဖွယ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း မှတ်တမ်းများတွေ့ရသည် ။

ထို့အပြင် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)မှ တပ်မတော်အနေဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြလူထုအား အင်အားသုံးမဖြိုခွင်းရန် သတိပေးပြောကြားပြီးနှစ်ရက်အကြာ ဖေဖော်ဝါရီ (၁၁) ရက်မှ စတင်၍ စစ်တပ်သည် ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်ရှိကျေးရွာများအား လက်လွတ်စပယ် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း နှင့် ဒဏ်ရာရရှိစေခြင်း၊ လူသား ဒိုင်းများအဖြစ် အသုံးပြုခြင်းခံနေခဲ့ရသော အရပ်သားများအား မတရား သတ်ဖြတ်ခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးခြင်း နှင့် ညှင်းပမ်းနှိပ်စက်ခြင်း တို့ကို ပြုလုပ်ခဲ့သည်။

SAC-M အဖွဲ့၏ တည်ထောင်သူ Yanghee Lee **က "တပ်မတော်သည် အရပ်သားပြည်သူအားလုံးကို စနစ်တကျပစ်မှတ်ထား တိုက်ခိုက်နေသည် " ဟု ပြောကြားသည်။**

**“ကျွန်မတို့ ယခင်ကတည်းက တပ်မတော် ထံမှ မျှော်မှန်းလာခဲ့သည့်အတိုင်း တပ်မတော်၏ ယခုအပြုအမူများသည် တစ်နိုင်ငံလုံး အတိုင်းအတာ သို့ စစ်ရာဇဝတ်မှုများ ကျူးလွန်နေမှု နှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အထိ ဖြစ်လာပါပြီ။”** ဟု သူက ဆက်ပြောပါသည်။

မတ်လ ( ၁ ) ရက်နေ့တွင် တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်တစ်လကြာ မိမိတို့ဘာသာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကြေငြာခဲ့သော်လည်း စစ်တပ်၏အကြမ်းဖက်မှုများသည် ရပ်တန့်ခဲ့ခြင်းမရှိပါ။

အပစ်အခတ်ရပ်စဲရေးကြေငြာချက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်စစ်မှန်သောဆန္ဒကို ထင်ဟပ်ဖော်ပြရမည် ဖြစ်သော်လည်း ၊ အမှန်စင်စစ်မှာ အဆိုပါကြေငြာချက်မှာ တပ်မတော်မှ မိမိကိုယ်ကို လိုတာထက်ပို အထင်ကြီး တွက်ချက်ကာ တိုင်းရင်းသားဒေသများတွင် တိုက်ခိုက်မှုများစွာကို တစ်ပြိုင်တည်း လုပ်ကာ၊ တစ်ဖက်မှာလည်း စစ်အာဏာသိမ်းဆန့်ကျင် လှုပ်ရှားသူများကို ရက်စက်ကြမ်းကြုတ်စွာ ဆက်၍ ဖိနှိပ်နိုင်မည်ဟု ယုံကြည်ထားပုံ ကို ထင်ဟပ်နေပါသည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် တပ်မတော်ကိုအတတ်နိုင်ဆုံးဖိအားပေးခြင်းဖြင့် စည်းလုံးညီညွတ်သော အာဏာသိမ်းမှု ဆန့်ကျင်ရေးကို ထောက်ပံ့ကူညီရန် အရေးကြီးသည် ။ SAC-M သည် စစ်တပ်အား ဆန့်ကျင်သော ကမ္ဘာ လုံးဆိုင်ရာ " ဖြတ်သုံးဖြတ် " နည်းဗျူဟာ ဖြစ်သည့် လက်နက်များဖြတ်တောက်ပေးရန် ၊ ငွေကြေးဖြတ်တောက်ပေးရန်နှင့် အပြစ်လျှော့ပေါ့ပေးခြင်းကို ဖြတ်တောက်ပေးရန်ကို ဆက်လက်တောင်းဆိုသည်။

တစ်ချိန်တည်း၌ပင် စစ်တပ်၏ထိုးစစ်များနှင့် မြို့ပြဒေသများမှ အာဏာသိမ်းမှုကို ဆန့်ကျင်မှုများကြောင့် ခိုလှုံမှုကို ရှာဖွေနေကြရသူများ ကြောင့် အရေးတကြီးလိုအပ်နေသည့် လူသားခြင်းစာနာထောက်ထားမှု အကူအညီများသည် ယခုအချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသော တိုင်းရင်းသား ပြည်နယ်များသို့ အမြန်ဆုံးရောက်ရှိရန် လိုအပ်သည်။ နောက်ဆုံးအနေဖြင့် မြန်မာစစ်တပ်အား တရားဝင်မြန်မာနိုင်ငံ၏ အစိုးရအဖြစ် အသိအမှတ်မပြုရန်လိုအပ်သည် ။ စစ်မှန်သောတရားဝင်အမျိုးသား ညီညွတ်ရေးအစိုးရ၏ ကြေငြာချက်သည် ရက်အနည်းငယ်အတွင်းတွင် ထွက်ပေါ်လာမည်ဖြစ်သည်။


**<u>ပိုမိုသိရှိလိုပါက ဆက်သွယ်နိုင်ပါသည်။</u>**

**Isabal Todd , SAC-M ညှိနှိုင်းရေးမှူး**

Email: **info@specialadvisorycouncil.org**
Website: **specialadvisorycouncil.org**
Facebook: **facebook.com/SpecialCouncil**
Twitter: **@SpecialCouncil**